21st Sunday of August 21 2022 in Burmese PDF

ဒီအပတ်တနင်္ဂနွေနေ့မှာ ဘယ်လိုဘယ်ပုံနဲ့ ဘာ့ကြောင့် အနဲငယ်သော လူတွေသာလျှင် ကယ်တင်ခြင်းခံရမှာလဲ ဆိုတဲ့အကြောင်းကို ထောက်ရှုစဉ်းစားဆင်ခြင်ရာ အပတ်စဉ်ဖြစ်ပါတယ်။ ဧဝံဂေလိကျမ်းပိုဒ်မှာ လူတဦးက သခင်ဘုရားကို မေးခွန်းထုတ်တယ်။ ဘာကြောင့်အနဲငယ်သော လူတွေဘဲ ကယ်တင်ခြင်းခံရမှာလဲ။ သခင်ဘုရားဆီကနေ တိုက်ရိုက်အဖြေကို လိုချင်တယ်။ ဘယ်လိုဘယ်ပုံနဲ့

ဘာ့ကြောင့်အနဲငယ်သော လူများသာလျှင် ကယ်တင်ခြင်းခံရမှာလဲ။ ကျဉ်းသောတံခါး ဆိုတာကိုရော ဘယ်လိုနားလည်ရမှာလဲ။ နောက်ဆုံးသည် ပထမဖြစ်လိမ့်မည်။ ပထမအဦးဆုံးသည် နောက်ဆုံးဖြစ်လိမ့်မည်”တဲ့၊ ဒါကကော ဘယ်လိုနားလည်ရပါလိမ့်။ နောက်ဆုံး ကျဉ်းသောတံခါးဟာ ဒီကနေ့ဒီအချိန် ကျွန်ုပ်တို့ရဲ့ခရစ်ယာန်ဘဝအသက်တာမှာ ဘယ်လိုဘယ်ပုံအားသက်ရောက်မှုမျိုးရှိပါသလဲ။

ဒီကနေ့ဧဝံဂေလိကျမ်းမှာ ခရစ်တော်ဘုရားရှင်ဟာ မိမိရဲ့တပည့်တော်ကြီးတွေနဲ့အတူတူ သွားခဲ့ကြတဲ့အကြောင်းဖြစ်ပါတယ်။ ဒါနဲ့လူတယောက်က သခင်ဘုရားကို မေးခွန်းထုတ်တယ်။ **ဆရာသခင် အနည်းငယ်သော သူများသာလျှင် ကယ်တင်ခြင်းခံရမှာလား။** အနဲငယ်သော လူများသာလျှင် ဘာ့ကြောင့်နဲ့ဘယ်လိုဘယ်ပုံ  ကယ်တင်ခြင်းခံရမှာလဲ ဆိုတဲ့အဖြေကို သခင်ဘုရားက ဖြေကြားပေးရမှာ ဖြစ်ပါတယ်။

အနဲငယ်သောသူများသာလျှင် ကယ်တင်ခြင်းခံရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့တွေဟာ ကျဉ်းသောတံခါးကို ဝင်ကြရမှာမို့ ဖြစ်ပါတယ်။ ဘာ့ကြောင့် အနဲငယ်သော သူများသာလျှင်

ကယ်တင်ခြင်းခံရမှာလဲ။ (၁) ကျဉ်းသောတံခါး၊ (၂) ကြိုတင်မသိရတဲ့အချိန်မှာ တကယ်ဘဲ အဲဒီကျဉ်းသောတံခါးဟာ ပိတ်သွားမှာမို့ ဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ ကျဉ်းသောတံခါးဟာ ကျမ်းစာထဲမှာ ပါဝင်ပတ်သက်ခြင်းရှိတဲ့အတွက်ကြောင့် သမိုင်းအချက်အလက်နဲ့ဆက်နွယ်ပီး သေသေချာချာ နားလည်ဘို့ ကျွန်ုပ်တို့မှာ လိုအပ်ပါတယ်။ (Exegetes) လို့ခေါ်တဲ့ ကျမ်းရဲ့အနက်ကိုဖွင့်ဆိုတဲ့သူက ကျွန်ုပ်တို့ကို ဘယ်လိုသိစေသလဲဆိုတော့ ဂျေရုဇလင်မြို့ကို ဝင်ရောက်နိုင်မဲ့တံခါးတွေထဲက တခုက တကယ့်ကိုကျဉ်းမြောင်းလို့ ကုန်ပစည်းအများကြီးတင်ဆောင်တဲ့ ကုလားအုပ်ကြီးတွေ ဝင်သွားလို့မရဘူး ဆိုတာသိရှိရပါတယ်။ အဲဒီတံခါးကို အပ်နဖါးလို့ (Nick Name) ပေးထားပါတယ် (Mt 19:24)။ ဒီကနေ့ဒီအချိန်မှာ ကျယ်ဝန်းတဲ့ခြံဝင်းတွေမှာ လုံလောက်တဲ့အကျယ်အဝန်းရှိတဲ့ တံခါးတွေ ရှိတတ်ကြပါတယ်။ ကျဉ်းသောတံခါးများလဲရှိပါတယ်။ သေးငယ်သောအရာများကို သွင်းယူဘို့အတွက်လဲ ကျဉ်းသောတံခါးတွေကို သုံးရတာပေါ့။

ကျဉ်းသောတံခါးကို ဘယ်လိုမျိုးအဓိပယ်ဖွင့်ဆိုနိုင်မှာလဲ။ ကျွန်ုပ်တို့အားလုံးသိထားတဲ့အချက်က တံခါးဆိုတာ ဟို အိမ်ရဲ့အတွင်းထဲကိုဝင်ရောက်နိုင်ဘို့အတွက် ဖြတ်သန်းသွားရတဲ့ နေရာတခု အရာတခု ဖြစ်ပါတယ်။ အိမ်ထဲမှာ ဥစာနေများကို မြင်တွေ့နိုင်ဘို့၊ နောက်ပီးရယူနိုင်ဘို့အတွက် တံခါးကို ဖြတ်သန်းသွားရပါတယ်။

ဒီနေ့ဧဝံဂေလိကျန်းမှာ ကျဉ်းသောတံခါးဟာဘာလဲ ဆိုတာနဲ့ပတ်သက်ပြီး အချက်နှစ်ချက်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ (၁) ခရစ်တော်ဘုရားရှင်ဟာ ကျဉ်းသောတံခါးဖြစ်တယ်။ (၂) ကွန်ုပ်တို့ရဲ့ ခရစ်ယာန်ဘဝအသက်တာမှာ ကယ်တင်ခြင်းကိုရရှိဘို့အတွက် ရင်ဆိုင်တွေ့ကြုံရတဲ့ စိန်ခေါ်မှုတွေဟာ ကျဉ်းသောတံခါးများဖြစ်ပါတယ်။

ခရစ်တော်ဘုရားရှင်ဟာ ကယ်တင်ခြင်းကိုရရှိဘို့အတွက် ကျဉ်းသောတံခါးဖြစ်တယ် ဆိုတာနဲ့ ကျွန်ုပ်တို့စတင်ရအောင်။ ဧဝံဂေလိကျမ်းထဲမှာ တဦးတယောက်ဟာ ကယ်တင်ခြင်းကိုရောက်ရှိဘို့အတွက် ကျွန်ုပ်ဆီကို စေလွှတ်ခြင်းခံရတဲ့ ဘုရားရဲ့သားတော်ဖြစ်တဲ့ ခရစ်တော်ဘုရား ကိုယ်တော်အားဖြင့်သာလျင် ရောက်ရှိနိုင်တယ် ဆိုတာကို ပေါ်လွင်ထင်ရှားစေပါတယ်။ ယောဟန် ၁၀း၉ ” ငါဟာ တံခါးဖြစ်တယ်။ ကျွန်ုပ်အားဖြင့် ဝင်ရောက်သွားတဲ့သူဟာ ကယ်တင်ခြင်းခံရမယ်” များစွာသောလူတွေဟာ ကိုယ်တော်နောက်ကို လိုက်ခဲ့ကြတယ်။ ဒါပေမဲ့ ၁၂ ဦးသောလူများကိုသာလျင် ကိုယ်တော်ရွေးချယ်ခဲ့ပါတယ်။ ဒါကြောင့် အနည်းငယ်သော သူများသာလျင် ကျဉ်းသောတံခါးကို ဝင်ခွင့်ရခဲ့တယ်ဆိုပြီး အဲလိုနားလည်လို့ရပါတယ်။ ဒါဟာဘာကိုပြသသလဲဆိုရင် ခရစ်တော်ဘုရားဟာ ဘုရားသခင်ဆီမှာရှိတဲ့ ကျေးဇူးတော်များ၊ သနားကြင်နာခြင်း၊ ဘုရားရဲ့မေတ္တာတော်၊ ဘုရားရဲ့အခွင့်လွှတ်ခြင်း၊ နောက်ဆုံးတော့ ကယ်တင်ခြင်း အစရှိတဲ့ ဘဏ္ဍာတိုက်ဆီကို ရောက်ရှိနိုင်ဘို့အတွက် ကျွန်ုပ်တို့ဖြတ်သန်းသွားရမဲ့တံခါး ဖြစ်တယ်။ ဒါကြောင့် တပါးတည်းသောသားတော် ကျွန်ုပ်တို့၏သခင် ယေရှုခရစ်တော်ဘုရားရှင်အားဖြင့် တောင်းလျှောက်ကြပါသည် လို့

ဆုတောင်းခြင်းများကို ကျွန်ုပ်တို့အဆုံးသတ်ကြတယ် မဟုတ်ပါလား။ ဘာလို့လဲဆိုတော့ ဘုရားဆီရောက်ရှိဘို့ ကိုယ်တော်ဟာ ကျွန်ုပ်တို့အတွက် တံခါးဖြစ်လို့။

ဒုတိယအချက်အနေနဲ့ ကျွန်ုပ်တို့ရဲ့ဘဝအသက်တာမှာ ကျဉ်းသောတံခါးဟာ ကျွန်ုပ်တို့ရင်ဆိုင်တွေ့ကြုံဖြတ်သန်းရတဲ့ စိန်ခေါ်မှုများ ဖြစ်ပါတယ်။ သခင်ဘုရားရဲ့တပည့်တော်တဦးအနေနဲ့ ဘဝမှာ စိန်ခေါ်မှုများစွာ ကျွန်ုပ်တို့ ရင်ဆိုင်ရပါတယ်။ ဆိုပါတော့ ကွဲပြားခြင်း၊ ညဉ်းပန်းနှိပ်စက်ခြင်းများ။ ဒီအခက်အခက်တွေဟာ ကျဉ်းသောတံခါးကို ကိုယ်စားပြုပါတယ်။ ကျွန်ုပ်တို့ ကောင်းသထက်ကောင်းအောင် ကြိုးစားကြဘို့အတွက် ဘုရားရှင်က ဖိတ်ခေါ်ပါတယ်။ ကျဉ်းသောတံခါးကို ဖြတ်သန်းဝင်ရောက်နိုင်ဘို့အတွက် အကောင်းဆုံးကြိုးစားရမယ် ဆိုပြီး သခင်ဘုရားက ကျွန်ုပ်တို့ကို သင်ကြားပါတယ်။

ဘုရားသားသမီး အသင်းတော်သူအသင်းတော်သားတဦးအနေနဲ့ အောင်မြင်ခြင်းဆီကိုရောက်ရှိဘို့အတွက် ကျဉ်းသောတံခါးကို ဖြတ်သန်းသွားရမှာ ဖြစ်ပါတယ်။ မိသားစုမှာရှိတဲ့တာဝန်ကို ကျေပွန်ဘို့အတွက် အကောင်းဆုံးကြိုးစားရမယ်၊ ကျောင်းသူကျောင်းသားတဦးအနေနဲ့ စာမေးပွဲကိုကောင်းမွန်စွာ အောင်မြင်ဘို့အတွက် အကောင်းဆုံးလေ့လာကျက်မှတ်ရမယ်၊ ရဟန်းတပါးအနေနဲ့ မိမိတို့ရဲ့ရဟန်းတာဝန်ဝတရားများ ကျေပွန်ဘို့၊ ဦးစီးခေါင်းဆောင်များလဲ တာဝန်ယူမှုတာဝန်ခံမှု ရှိကြရမယ်။ နောက်ဆုံး လုပ်ငန်းတာဝန်နေရာမှာ အကောင်းဆုံးလုပ်ဆောင်နိုင်ဘို့နဲ့

ရောက်ရှိသင့်တဲ့အကောင်းဆုံးအဆင့်ကို ရောက်ရှိနိုင်ဘို့ ကျွန်ုပ်တို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

**အောင်မြင်ခြင်းကိုရရှိဘို့ဆိုတာ မလွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျဉ်းမြောင်းသောတံခါးကြောင့်မို့ အနဲငယ်သော သူများသာလျှင် ဝင်နိုင်ကြမှာ ဖြစ်သောကြောင့်။ အဲဒီတော့ ကျွန်ုပ်တို့ဘာလုပ်ရမှာလဲ။ သေးငယ်ပြီး ကျဉ်းမြောင်းတဲ့တံခါးကို ဖြတ်သန်းဝင်ရောက်နိုင်ဘို့အတွက် မိမိကိုယ်ကို သေးငယ်အောင်လုပ်ရမှာ ဖြစ်ပါတယ်။ အဓိပယ်က အနှစ်နာခံခြင်း၊ သူတပါးရဲ့ကောင်းကျိုးကို ရှေးရှုရမှာဖြစ်ပါတယ်။ ကယ်တင်ခြင်းကိုရရှိဘို့အတွက် ကျွန်ုပ်တို့ကိုယ်တိုင်က (အခုအချိန်မှာ) နောက်ဆုံးဖြစ်နေရမှာ ဖြစ်ပါတယ်။**

ကျွန်ုပ်တို့ရဲ့ခရစ်ယာန်ဘဝအသက်တာမှာ ကျဉ်းသောတံခါးဟာ ဘယ်လိုမျိုးနေရာမှာ မြင်တွေ့နိုင်ပါသလဲ။ အနဲငယ်သောသူများသာလျှင် အာပတ်ဖြေခြင်းစကရင်မင်တူးကို ခံယူကြတယ်။ ဘုရားကျောင်းမတက်ချင်ဘူး ကိုယ်တော်မြတ်ကို မပင့်ယူချင်ဘူး ဆိုရင် တနည်းအားဖြင့် ကျဉ်းသောတံခါးကို မဖြတ်သွားချင်လို့ပေါ့။ ကျဉ်းမြောင်းသောတံခါးဖြစ်တဲ့ ဂရုဏာရေးလုပ်ငန်းတွေမှာ၊ သူတပါးအပြစ်ကို အခွင့်လွှတ်ပေးရတဲ့နေရာမှာ အချိန်တွေမှာ၊ သနားခြင်းဂရုဏာကို ပြသရမဲ့အချိန်တွေမှာ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ကျွန်ုပ်တို့ပျက်ကွက်ခဲ့ပြီးပြီလဲ။ (ဒီအပတ် ဧဝံဂေလိကျမ်းကနေ ရရှိလာတဲ့မေးခွန်းများ)။

တနေ့တချိန်ကျရင် ကွဲပြားခြင်း၊ နောင်တရခြင်း၊ နောက်ဆုံး ဘုရားရဲ့နိုင်ငံတော်ကို ရောက်ရှိခြင်းဆိုပြီး ဒီအရာများကို ကျွန်ုပ်တို့တွေ့မြင်ရမှာ ဖြစ်ပါတယ်။

မထင်မှတ်တဲ့အချိန်နဲ့ တကယ်ဘဲ ဇော်မုချမလွဲမသွေ နောက်ဆုံးသောအချိန်မှာ ပိတ်သွားမဲ့ အဲဒီကျဉ်းမြောင်းသောတံခါးဟာ မတူညီတဲ့လူစုနှစ်စုကို ကွဲပြားစေမှာ ဖြစ်ပါတယ်။ အဲဒီလူနှစ်စုကျတော့ ဘုရားနိုင်ငံတော်ရဲ့အတွင်းလူနဲ့ ဘုရားနိုင်ငံတော်အပြင်လူ ဆိုပြီး လူနှစ်စုဖြစ်ပါတယ်။ ဘုရားနိုင်ငံတော်အပြင်လူတွေက အံ့သွားခဲကြိတ်ကြလိမ့်မယ်။ ဆိုလိုတာက ကြီးမားတဲ့နောင်တရခြင်းကို တွေ့ကြုံခံစားကြရမှာ ဖြစ်ပါတယ်။ ဘုရားနိုင်ငံတော်ရဲ့ အတွင်းထဲရောက်သွားတဲ့လူတွေကျတော့ (အာဗြာဟံ၊ အီဇတ်၊ ယာကုတ်၊ ပရောဖက်များနဲ့ ကမဘာအရပ်လေးမျက်နှာက များစွာသော လူများတွေဟာ ဝမ်းသာဝမ်းမြောက်ခြင်း ရှိကြလိမ့်မယ်။

အနဲငယ်သော ကယ်တင်ခြင်းရရှိတဲ့လူတွေထဲ ကျွန်ုပ်တို့ပါဝင်နိုင်ဘို့အတွက် ကျွန်ုပ်တို့ဟာ ဖိတ်ခေါ်ခြင်းခံရပါတယ်။ အောင်မြင်ခြင်းရရှိဘို့အတွက် အနဲငယ်သောသူများဟာ အကောင်းဆုံးကြိုးစားကြပါတယ်။ အနဲငယ်သောသူများသာလျင် ဘိုးဘေးများဖြစ်ကြတဲ့ ။။။ ထိုသူတွေရဲ့အသင်းအဖွဲ့ထဲပါဝင်နိုင်အောင် ကြိုးစားကြပါစို့။ အများအကျိုးကိုသယ်ဆောင်တဲ့နေရာမှာ ကျွန်ုပ်တို့ဟာ အရင်ဦးဆုံးပထမဖြစ်ကြစို့၊ သူတပါးရဲ့အစေခံခြင်းကို ရယူတဲ့နေရာမှာ နောက်ဆုံးဖြစ်ကြပါစို့။ ဘာလို့လဲဆိုတော့ ကယ်တင်ခြင်းကိုရောက်ရှိနိုင်ဘို့အတွက် ကျဉ်းမြောင်းသောတံခါးကို

ဖြတ်သန်းဝင်ရောက်နိုင်ဘို့ ကျွန်ုပ်တို့ကိုယ်ကို သေးငယ်သွားအောင် ပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။